# ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်နှစ်ဝက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး [1]

Posted on 16 October 2017

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် နှစ်ဝက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို၂၀၁၇ခုနှစ်  အောက်တိုဘာလ ၁၃ရက်နေ့ နံက် ၀၉၀၀နာရီအချိန်တွင် ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးကို ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ၃ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူး ၁၅ ဦး၊ (ရုံးချုပ်)ဌာနခွဲရှိ ညွှန်ကြားရေးမှူး၁၁ဦး၊ စုစုပေါင်း ၃၀ ဦးတက်ရောက်ခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားပြီးတိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများနှင့် (ရုံးချု

ပ်)ဌာနခွဲများမှ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များနှင့် တွေ့ကြုံရသည့် အခက်အခဲများကိုရှင်းလင်းတင်ပြခဲ့ကြပါသည်။

ညွှန်ကြားရေးမှူးချုပ်မှ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီးဆက်လက်ဆောင်ရွက်မှုလုပ်ငန်းစဉ်များချမှတ်ကာအစည်းအဝေးအား၁၈၀၀နာရီအချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative